30.5.2005,(2:00pm)15

ရှေးထက်ကျော်ကာရီက ဘုန်းကြီးတို့ သုတအနေနဲ့ ကြားဖူးတယ်။ သူဌေးကြီး တစ်ယောက် အလှူ ပေးတာ။ အဲဒါ သူ့ လက်အောက်မှာ ဖောက်သည်ပေးတဲ့ သူဌေးလေးတွေ မင်းတို့ ငွေကူတာ ငါ မလိုဘူး။ ကာယကံမြောက် ကုသိုလ် မင်းတို့ ကာယကံ အကူအညီ လိုတယ်။ အဲတော့ သူဌေးလေး တွေ ခေါ်။ သူဌေးလေးတွေက လုပ်ကြတာပေ့ါ။ ဟို တစ်ယောက်သော သူဌေးက ကဲ မင်းတို့ မကြိုက်တဲ့ဆီက ငါနေမယ်။ အဲတော့ မကြိုက်တာက ပန်းကန်ဆေး ခွက်ဆေးက တွက်ကြတာ။ အဲဒီ သူများ မကြိုက်တာ သွားဝင်ဆေးတာ ကြားလား။ အဲတော့ မိမိက ပွတ်သပ်စရာ တွေ ဆပ်ပြာ တို့ အဝတ်စုတ်တို့ ဘာတို့က ရေနွေးလေးနဲ့ သပ်သပ်ရပ်ရပ် အားရပါးရ သူဆေးကတည်းက စိတ်ကကို ကြည်ရွှင်နေတော့တာ ဝမ်းသာနေတာ၊ သူ့မှာ။ ကဲ အကုသိုလ်စိတ်လား ၊ ကုသိုလ်စိတ်လား ။ သူလှူရသလို ကို အားရပါးရ လုပ်တာ။

တနေ့သဉ္ဇ ကျတော့ သေဆုံးသွားတဲ့ အခါမှာ သူဌေးကြီးက တာဝတိံသာ နတ်ပြည်မှာ နတ်သား သွားဖြစ်တယ်တဲ့။ ကြားလား။ ဝေယျာဝစ္စ သူဌေးလေးက တုသိတာနတ်ပြည်မှာ သွားဖြစ်တာ ၊ကဲ သူ့ထက် အဆင့်သာသေးတယ်။ ပိုက်ဆံတစ်ပြားမှ မပါဘဲနဲ့ပေ့ါ။ ကြားလားဟ။အဲလို စေတနာ အတိုင်း အကျိုးပေးတာတွေ ယုံကြည်ဖို့ မကောင်းလား။ ဒါ သုတဝါ အရိယာ သာဝကော သုတ အကြား အမြင်ရှိတော့ ကုသိုလ်လုပ်တဲ့ နေရာမှာ အဲဒီ အကျိုးအပြစ်ကို သိတော့ ပန်းကန် ဆေးရတာလည်း ဝမ်းမြောက် ဝမ်းသာ။ ချက်ရ ပြုတ်ရတာလည်း ဝမ်းမြောက် ဝမ်းသာ။ သာခုခေါ်ရတာ လည်း ဝမ်းမြောက်ဝမ်းသာ။ ကြားလား။ အဲလိုတွေ လေ့လာဖို့ မကောင်းလား။ အေး အဲလို လေ့လာကြ။ အမှတ်တမဲ့ မနေနဲ့ ။ အလေ့အကျင့် လုပ်မှ။ လေ့မှ လာတယ်။ မလေ့ရင် မလာဘူး ကွဲ့နော်။ အဲလို စိစစ်ဖို့ မကောင်းလား။

<u>မြင်တာကို သညာဖုံးတယ်။ သညာကို သင်္ကာရှင်းမှ သင်္ကာကင်းမယ်။</u>

အဲကြောင့် မြင်တာကို သညာဖုံးတယ်။ သညာကို သင်္ကာရှင်းမှ သင်္ကာကင်းမယ်။ မြင်တာက အဆင်းဓာတ်ကို မြင်တာ။ သညာက မင်းသမီး ၊သညာက မင်းသား။ စဉ်းစားဖို့ မကောင်းလား။ ကဲ အဲဒါ မင်းသမီး မင်းသားလို့ မြင်တဲ့အချိန် အဆင်းကို တွေ့သေးရဲ့ လား။ တကယ်အမြင်ခံက မင်းသမီးလား အဆင်းဓာတ်။ မင်းသားလား အဆင်းဓာတ်။ ဒါမို့ လယ်တီ ဆရာတော် ဘုရားကြီး ရှေးထက်ကျော်ကာရီက ပရမတ်ကို နေ့စဉ် မြင်လျက် မတွေ့ကြ။ နေ့စဉ် မြင်တယ်။ မတွေ့ဘူးတဲ့။ နေ့စဉ်တွေ့လျက် မသိကြတဲ့။ တွေ့တော့ မသိဘူးတဲ့ဗျား။ စဉ်းစားဖို့ မကောင်းလား။ လေ့လာကြနော်။

30.5.2005,(2:00pm)16

ဒါမို့ မြင်တာကို သညာဖုံးတယ်။ သညာကို သင်္ကာရှင်းမှ သင်္ကာကင်းမယ်။ ကဲ မင်းသမီး ထင်လို့ ဝိဇ္ဇာဆိုတဲ့ ဘုရားပေးတဲ့ ဝိဇ္ဇာ မျက်မှန်တပ်ကြည့် မင်းသမီး မြင်တာလား အဆင်းကို မြင်တာလား။ ကဲ အဆင်းကို မြင်တဲ့အခါ မင်းသမီး တွေ့သေးရဲ့လား မင်းသားကား တွေ့သေးရဲ့လား ကဲ အဖုံးတွေ ပွင့်မသွားဘူးလား။ ပွင့်သွားပြီနော်။ အဲလိုကြည့်တော့ အဆင်း ရူပက္ခန္ဓာကြီးက ချောင်းထဲ မြစ်ထဲမှာ ရှိတဲ့ ရေမြှုပ်ကြီးကဲ့သို့ မဟောဘူးလား။ အနှစ်သာရ ရှိ မရှိ။ မရှိရင် ရုပ္ပတီတိ ရုပ် ဖောက်ပြန်ပြီးတော့ မပျက်လား။ နိစ္စလား အနိစ္စ။ အနိစ္စ မမြဲခြင်းတရားသည် ဆင်းရဲတဲ့ တရားလား ချမ်းသာတဲ့တရား။ ဆင်းရဲတဲ့တရားကို သုခလို့ ခေါ်မလား၊ ဒုက္ခ။ ဤဒုက္ခတရားကို ပိုင်သူ ရှိရဲ့လား။ သတ္တဝါ အလိုသို့ လိုက်ကဲ့လား။ အကြိုက်သို့ ပါရဲ့လား။ အနတ္တလို့ မဟောဘူး လား။ အနိစ္စ ဒုက္ခ အနတ္တ ပွားလို့ သိတာ။ စဉ်းစားဖို့ မကောင်းလား။ ပွားလို့ သိတာနော်။ အဆင်းကို မြင်သိတာ စက္ခုဝိညာဏ်က နာမ်တရားမရလား။ အဆင်းက ရုပ်တရား။ နာမ်ရုပ်နှစ်ပါးပေါ့။ နာမ်ရုပ်ကို တွေ့တဲ့အခါ မင်းသမီးတွေ့သေးရဲ့လား။ မင်းသား တွေ့သေးရဲ့လား။ ဉာတပရိညာ။ အနိစ္စ ဒုက္ခ အနတ္တ တွေ့တဲ့အခါ နာမ်ရုပ်တွေ့သေးရဲ့လား။ တီရဏပရိညာ။ အနိစ္စ ဒုက္ခ အနတ္တ စုလိုက်တော့ ဖြစ်ပျက်လို့ မဟောဘူးလား။ ဘာသစ္စာလဲ။ဩော် ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့ တရားလား။ ဆင်းရဲတာ အမှန်သိတာ ယထာဘူတဉာဏ်လို့ မဟောဘူးလား။ အမှန်သိသွားပြီနော်။ ဆင်းရဲတာကလွဲလို့ ဘာမှ မတွေ့ဘူးပေါ့။နေ့စဉ်နှင့်တကွ ခန္ဓာရတဲ့ ပုဂ္ဂိုလ်ဟာ ချမ်းသာတာနဲ့ နေတာလား ဆင်းရဲတာနဲ့ နေတာလား။ အဲလို သိတော့ သိပယ်လို့ မဟောဘူးလား။ ကဲ အသိဉာဏ် ပြောင်းမလာဘူးလား။ ဒုတိယဆက်ကြိုးစားကြည့် ဖြစ်ပျက် ပဲ မတွေ့လား။ဘာသစ္စာလဲ။ ဒုတိယ ကျတော့ အသိဉာဏ်က ရင့်လာ တော့ ခန္ဓာက လွတ်ချင်တဲ့စိတ်တွေ ကျွတ်ချင်တဲ့စိတ်တွေ မပေါ်ဘူးလား။ နိဗ္ဗိန္ဒဉာဏ်လို့ မဟောဘူးလား။ အပြောအဆို အနေ အထိုင်တွေ အခါတိုင်းနဲ့ တူရဲ့လား။ တမူထူးခြားပြီးတော့ မနေလား။ကဲ ဘယ်လောက်များ အားရစရာကောင်းသလဲနော်။ တတိယ ဆက်ကြိုးစားကြည့် ဖြစ်ပျက်ပဲ မတွေ့လား။ဘာသစ္စာလဲ။ ဒုက္ခသစ္စာ ခြေစခေါင်းဆုံး တစ်ကိုယ်လုံး ရှာချင်သလိုရှာ။ သုခဆိုတဲ့ တရား အပ်ဖျားတစ်ထောက်စာမျှတွေ့ရဲ့လား။ အပ်ဖျား တစ်ထောက်စာမျှ သုခ မတွေ့တာ ရှိလို့လား မရှိလို့လား။ မရှိ ဒုက္ခအတိ လို့ မပိုင်းခြားလား။ ပိုင်းခြားလိုက်တဲ့တချိန် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သီလမဂ္ဂင် သုံးပါး မဝင်လား။ ရှုဉာဏ် ငါးပါးနဲ့ ပေါင်းတော့ ရှစ်ပါး မပြည့်လား။ ရှစ်ပါးပြည့်တဲ့ အချိန် ခန္ဓာကား တွေ့သေးရဲ့လား။ ဖြစ်ပျက်ကား တွေ့သေးရဲ့လား။ လောကုတ္တရာလို့ မဟောဘူးလား။ သောတာပတ္တိမဂ် သောတာပတ္တိ ဖိုလ် ဘာတွေပယ်တာလဲ စိစစ်ဖို့ မကောင်းလား။ အနုသယ ကိလေသာပယ်တယ်။

ဘယ် အနုသယလဲ မေးဖို့ မကောင်းလား။ဒိဋ္ဌိ ဝိစိကိစ္ဆာ ဆိုတဲ့ အနုသယကိလေသာပေါ့။ ကာမရာဂ ဗျာပါဒ အနုသယက အနာဂါမ်မှ ပယ်တာ။ ရူပရာဂ အရူပရာဂက ဘုရားရဟန္တာ မှပယ်တာ။ သူ့မဂ်နဲ့ သူ့ဖိုလ်ပေါ့နော်။ အဲလို စိစစ်ဖို့ မကောင်းလား။ အနုသယ ကိလေသာ ပယ်လိုက်တော့ ပရိယုဋ္ဌာန မနောကံ လာသေးရဲ့လား။ မနောကံ မလာရင် ဝီတိက္ကမ ကာယကံ ဝစီကံ လာသေးရဲ့လား။ မလာရင် အပါယ်သွားတဲ့ ကံတွေ မကုန်လား။ အပါယ်ခန္ဓာဇာတ် မသိမ်းလား။ ပဟာနပရိညာ လို့ မပြောလား။

ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာ ဤဉာဏ်သုံးဉာဏ် ရတဲ့ပုဂ္ဂိုလ် အနမတဂ္ဂ သံသရာက စ ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကံ ကြွေးဟောင်းအနန္တ ကမ္ဘာ ပထဝီမြေကြီးနှင့်အမျှဖြစ်တဲ့ အကုသိုလ်ကံတွေ အကျိုးပေးခွင့် ရသေးရဲ့လား။ အကုန်လုံး အဟောသိကံ ဖြစ်မသွားလားဟေ့။ ဤနေရာရောက်အောင် ကြိုးစား အားထုတ်ကြနော်။

အဲကြောင့်မို့ ခန္ဓာကိုယ် မိမိက ဒီခန္ဓာကြီးက ဝေဒနာ နောက်မဆုတ်...ဒီခန္ဓာနဲ့ ဝေဒနာနဲ့ ဇာတ်သိမ်း တော့မယ်ဆို ကမ္မဿကတာ သမ္မာဒိဋ္ဌိဘက်က ဒါနကုသိုလ် သီလကုသိုလ် သတိပြု။ ဝိပဿနာဉာဏ်ဘက်ကို အလေ့အကျင့်ရကာ ခန္ဓာဘက်ကို ဉာဏ်လှည့်။ အဲဒီဉာဏ်နဲ့ ဝိညာဏ် ချုပ်ဖို့ လိုတယ် ကြားလား။

ကဲ ကြားဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား။)သိတာက ...။(မဂ္ဂသစ္စာ ပါဘုရား။) သေတာက...(သမုဒယသစ္စာ ပါဘုရား။) နောက်ခန္ဓာ မလာတာ ...(နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ (လေးကွက် ရှိပါတယ် ဘုရား) တစ်ကွက်လျှင် ဘယ်နှစ်ပါး (ငါးပါးပါ ဘုရား) ငါး လေးလီ (နှစ်ဆယ်) ဤရှစ်သွယ်ကို (အလွယ် ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

သာဓု-သာဓု-သာဓု။